မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၉ ] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက် (၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်) } သောကြာနေ့ [ အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၃၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

**ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပညာရေးဝန်ကြီးဌာနအား အောက်ပါဝန်ကြီးဌာနများအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(၁) ပညာရေးဝန်ကြီးဌာန

(၂) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၃၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာမျိုးသိန်းကျော် အား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၄၀/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

**ပြည်ထောင်စုဝန်ကြီးဌာန ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအား ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၄၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

**ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးနေစိုး အား ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

**လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် **လူသားချင်းစာနာမှုအကူအညီပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ** နှင့် **ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့**

**ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးကော်မတီ (CHRD)** တို့ကို ပေါင်းစည်း၍ **လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ** အဖြစ် အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | အတွင်းရေးမှူး<br>ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | တွဲဖက်အတွင်းရေးမှူး |

၂။ လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ ထောက်ပံ့ပစ္စည်းများကို နိုင်ငံတော်က ချမှတ်ပေးသော မူဝါဒနှင့်အညီ ခွဲဝေပေးရေးကြီးကြပ်ရန်၊

(ခ) စောင့်ရှောက်ရန် လိုအပ်သူများကို လူမှုရေးစိတ်ပညာအကူအညီပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ထိခိုက်လွယ်အုပ်စုများ၊ အထူးကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သူများကို လိုအပ်သော လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများဖြင့် ဖြည့်ဆည်းပေးခြင်း လုပ်ငန်းများဆောင်ရွက်ရန်၊

(ဂ) အချိန်ကြာမြင့်လာသည်နှင့်အမျှ ယာယီစခန်းများတွင် စားနပ်ရိက္ခာအခက်အခဲရှိလာနိုင်၍ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ထောက်ပံ့ရေးအကူအညီများ ရရှိနိုင်ရေး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊

(ဃ) ပြန်လည်နေရာချထားမည့် ခန့်မှန်းလူဦးရေ မိသားစုအတွက် လိုအပ်သည့် စားနပ်ရိက္ခာပစ္စည်းများကို တွက်ချက်၍ ကြိုတင်စုပုံထားရှိနိုင်ရေး လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(င) သက်ဆိုင်ရာပြန်လည်နေရာချထားပေးမည့် နေရာများသို့ စနစ်တကျ ပို့ဆောင်နိုင်ရေး၊ နေရာအသင့်အနေအထားမရှိသေးပါက ယာယီနေရာချထားမည့် နေရာများကို လျာထားတင်ပြရေးနှင့် လျာထားသတ်မှတ်ခြင်း၊ ကျေးရွာများအသစ်ပြန်လည်ဖွဲ့စည်းခြင်းတို့ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန်၊

(စ) ပြန်လည်ဝင်ရောက်လာသူများအား ယခင်နေထိုင်ခဲ့သည့် နီးစပ်ရာဒေသအလိုက် စုစည်း၍ နေရာချထားနိုင်ရေးအတွက် အဖွဲ့များဖွဲ့စည်းခြင်း၊ ယာယီစခန်းများတွင် ဦးစွာနေရာချထားခြင်းလုပ်ငန်းစဉ်များကို ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဆ) လူငယ်များအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးကင်းစင်နယ်မြေဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ဇ) ရေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ကလေးနှင့် လူငယ်ကာကွယ်စောင့်ရှောက်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ စီမံချက်ချဆောင်ရွက်ရန်၊

(ဈ) ကျား/မ ခြေပြု အကြမ်းဖက်မှုများပပျောက်ရေး၊ ကျား/မရေးရာ တန်းတူညီမျှမှုရှိစေရေး၊ အိမ်တွင်းအကြမ်းဖက်မှုများပပျောက်ရေး၊ လုပ်ငန်းအဆင့်ဆင့်တိုင်းတွင် အမျိုးသမီးများဦးဆောင်မှုကဏ္ဍမှ ပါဝင်ရေးတို့အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ည) လူငယ်ထုများကိုအခြေခံ၍ လူမှုသဟဇာတဖြစ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာဇဝတ်မှုများလျော့နည်းပပျောက်ရေးတို့အတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ရန်၊

(ဋ) လူငယ်ထုအတွင်း ပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်းရေး၊ ပြည်သူ့နီတိနှင့် ဘဝတစ်သက်တာ ကျွမ်းကျင်မှုရရှိရေးသင်တန်းများ ဆောင်ရွက်ပေးရန်၊

(ဌ) လူ့အဖွဲ့အစည်းများအကြား မတူကွဲပြားသော ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို အပြန်အလှန်နားလည်မှုနှင့် သဟဇာတဖြစ်စွာနေထိုင်နိုင်ရေး အကူအညီဖြစ်စေမည့် အစီအစဉ်များရေးဆွဲခြင်း၊ ပညာပေးအစီအစဉ်များ ဆောင်ရွက်ပေးခြင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(ဍ) ပြည်နယ်အတွင်း လူမှုသဟဇာတဖြစ်စေမည့် လူ့အဖွဲ့အစည်းထူထောင်နိုင်စေရေးအတွက် တရားမျှတမှုရှိခြင်း၊ တန်းတူအခွင့်အရေးပေးခြင်း၊ အပြန်အလှန်နားလည်မှုပေးခြင်း၊ လိုက်လျောခြင်း၊ သည်းခံနိုင်ခြင်းများနှင့် လူ့အဖွဲ့အစည်းများအကြား ဆွေးနွေးညှိနှိုင်းခြင်းများကို စွမ်းအားမြှင့်လုပ်ဆောင်သွားရန်၊

(ဃ) ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေး ဦးတည်ချက် (၃) ရပ်နှင့်အညီ CHRD ကော်မတီ အလှူရန်ပုံငွေစာရင်းများကို လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ ရန်ပုံငွေအဖြစ်ဖြင့် ဆက်လက်သုံးစွဲဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ပံ့ပိုးမှု၊ ပြည်တွင်း ပြည်ပအလှူရှင်များ၏ ကူညီ ထောက်ပံ့မှုများဖြင့် ဆောင်ရွက်ရန်ဖြစ်ပြီး ကော်မတီ၏ဘဏ္ဍာရေးကိစ္စကို ပြည်ထောင်စုစာရင်းစစ်ချုပ် ရုံး၏ စစ်ဆေးမှုခံနိုင်ရေးဆောင်ရွက်ရန်၊

(ဏ) ကော်မတီသည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည် နေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီထံမှ လိုအပ်သည့် အကြံဉာဏ်များနှင့် အကူအညီများကို တောင်းခံဆောင်ရွက်ရန်၊

(တ) ဥက္ကဋ္ဌအနေဖြင့် အုပ်ချုပ်မှုကိစ္စရပ်များနှင့် ငွေစာရင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်နိုင်ရေး ကော်မတီရုံး အဖွဲ့ကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရန်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၆-၃-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၂၁၊ ၂၆-၄-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၂/၂၀၂၁ နှင့် ၂၉-၄-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၇/၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၈၉/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

## တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လုပ်ငန်းများအဆင်ပြေချောမွေ့စွာနှင့် ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလိုပေါင်းစပ်ညှိနှိုင်းပေးနိုင်ရန် **တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါက်တာသီတာဦး<br>ပြည်ထောင်စုရှေ့နေချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစန်းလွင်<br>ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | စစ်ဥပဒေချုပ်ရုံးမှ အရာရှိကြီး (၁) ဦး | အဖွဲ့ဝင် |

( င ) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် (၁) ဦး — အဖွဲ့ဝင်

( စ ) အမြဲတမ်းအတွင်းဝန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

( ဇ ) ညွှန်ကြားရေးမှူးချုပ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈ) ဒုတိယရဲချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ပါမောက္ခ ဥပဒေပညာဌာန ရန်ကုန်တက္ကသိုလ် — အဖွဲ့ဝင်

(ဋ) ပါမောက္ခ ဥပဒေပညာဌာန မန္တလေးတက္ကသိုလ် — အဖွဲ့ဝင်

( ဌ ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ ရွေးချယ်ပေးသည့် တရားလွှတ်တော်ရှေ့နေ (၂) ဦး — အဖွဲ့ဝင်

( ဍ ) ညွှန်ကြားရေးမှူးချုပ် တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး — အတွင်းရေးမှူး

( ဎ ) ညွှန်ကြားရေးမှူး တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး — တွဲဖက်အတွင်းရေးမှူး

၂။ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်–

(က) တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများနှင့် သက်ဆိုင်သည့် အစိုးရဌာန အဖွဲ့အစည်းများအကြား (ဝန်ထမ်းရေးရာနှင့် ဘဏ္ဍာရေးရာကိစ္စများမှအပ) လိုအပ်သလို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း၊

( ခ ) တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် သင်တန်းအစီအစဉ်များကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းအကောင်အထည်ဖော်ခြင်း၊ အဆိုပါသင်တန်းများတွင် သင်တန်းသားအဖြစ်သော်လည်းကောင်း၊ သင်တန်းနည်းပြအဖြစ်သော်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများပါဝင်ဆောင်ရွက်နိုင်စေရေး လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်ခြင်း၊

( ဂ ) တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာသင်တန်းများ၌ လူထုအလွှာအသီးသီးမှ သင်တန်းသားများပါဝင်တက်ရောက်နိုင်ရေး တွန်းအားပေးဆောင်ရွက်ခြင်း၊

(ဃ) တရားဥပဒေစိုးမိုးရေးဌာနများနှင့် တရားမျှတမှုဌာနများ၏ လုပ်ငန်းရည်ရွယ်ချက်များထိရောက်အောင်မြင်နိုင်စေရေး လိုအပ်သောပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်ခြင်း၊

(င) လိုအပ်သောအစည်းအဝေးများ ခေါ်ယူကျင်းပခြင်း၊

(စ) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အခါအားလျော်စွာပေးအပ်သော တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၃။ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် ယင်း၏ အုပ်ချုပ်မှုကိစ္စရပ်များကို ဆောင်ရွက်နိုင်ရေးအတွက် အတွင်းရေးမှူးအဖွဲ့ကို သင့်လျော်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်မည်။ အတွင်းရေးမှူးအဖွဲ့ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ထားရှိရမည်ဖြစ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အတွင်းရေးမှူး အဖွဲ့တို့အတွက် ကျခံသုံးစွဲရမည့်ငွေများကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန်နှင့် ရန်ပုံငွေတင်ပြ တောင်းခံခြင်းအား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ခွင့်ပြုရန်ပုံငွေခေါင်းစဉ်အောက်မှ သီးခြားခေါင်းစဉ်ဖြင့် တောင်းခံရမည်။

၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၇ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၁၉၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

### အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဇဟိုကော်မတီတွင် အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၂/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း အပိုဒ် ၁ (ဓ) နှင့် (န) တို့တွင် ဖော်ပြထားသောခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များနေရာတွင် အောက်ပါပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် တာဝန် ပေးအပ်လိုက်သည်-

(၁) ဦးတင်မောင်ရွှေ (ခရီးသွားလုပ်ငန်းတတ်သိပညာရှင်) အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(၂) ဒေါ်ကြည်ကြည်အေး (ခရီးသွားလုပ်ငန်းတတ်သိပညာရှင်) အဖွဲ့ဝင်
အကြံပေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

(၃) ဦးအောင်မိုးကြည် (ခရီးသွားလုပ်ငန်းတတ်သိပညာရှင်) အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

(၄) ဦးရန်ဝင်း (ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်) အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

(၅) ဦးအောင်မျိုးမင်းဒင် (ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်) အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း

(၆) ဦးနောင်နောင်းဟန် (ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်) အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၁၉၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

### ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၇/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သည့် **ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ** တွင် အဖွဲ့ဝင် ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန **အစား** ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၁၉၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

### ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ ပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၆/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ** တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို အဖွဲ့ဝင်အဖြစ်ဖြည့်စွက်၍ အဖွဲ့ဝင်များကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(၁) အဖွဲ့ဝင် **အစား** ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး / ဒုတိယဝန်ကြီး
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား / ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား
ဆက်သွယ်ရေးဝန်ကြီးဌာန / ဆက်သွယ်ရေးဝန်ကြီးဌာန

(၂) အဖွဲ့ဝင် ဒုတိယဝန်ကြီး အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန **အစား** အဖွဲ့ဝင် ဒုတိယဝန်ကြီး နိုင်ငံခြားရေးဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

### အမိန့်ကြော်ငြာစာအမှတ် (၁၉၃/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

### မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၉/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ** တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထွန်းအုံ ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၀၅/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရနှင့် ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်စန္ဒာလွင် တ/၃၁၁၇ | သီပေါ ရှမ်းပြည်နယ် |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၂။ | ဦးခွန်မောင်ဒီး<br>တ/၃၃၀၅ | ညောင်ရွှေ<br>ရှမ်းပြည်နယ် |
| ၃။ | ဒေါ်သိင်္ဂီဝင်း<br>တ/၃၂၆၁ | မင်းတုန်း<br>မကွေးတိုင်းဒေသကြီး |
| ၄။ | ဒေါ်ခန့်ခြူးငယ်<br>တ/၃၄၅၄ | မြို့နယ်တရားရုံး (စည်ပင်သာယာ)<br>ဇမ္ဗူသီရိ<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၄၀၆/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၁၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလ အတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်နန်းအိသန္တာချော<br>တ/၃၅၃၄ | (မြို့နယ်တရားသူကြီးတာဝန်)<br>သိန္နီ<br>ရှမ်းပြည်နယ် |
| ၂။ | ဦးထွန်းထွန်းမြိုင်<br>တ/၃၄၃၀ | (မြို့နယ်တရားသူကြီးတာဝန်)<br>ရမ်းဗြဲ<br>ရခိုင်ပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်)

**ညွှန်ကြားရေးမှူးရာထူး တိုးမြှင့်ခန့်ထားခြင်း**

၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးတို့အား ယင်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့်ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| (၁) | ဦးသန့်ဇင်အောင် | ဒုတိယညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး/ပြည်နယ်<br>လွှတ်တော်ဌာနခွဲ | ညွှန်ကြားရေးမှူး<br>ရွေးကောက်ပွဲဌာန |
| (၂) | ဦးဇော်နောင်လတ် | ဒုတိယညွှန်ကြားရေးမှူး<br>ဥက္ကဋ္ဌရုံး | ဒုတိယရုံးအဖွဲ့မှူး(ညွှန်ကြားရေးမှူး)<br>ဥက္ကဋ္ဌရုံး |

သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁ ရက်)

**မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ (၂၆x၂၇) လမ်းကြား၊ ၎ပိတန်းလက်ကြား၊ အကွက်အမှတ် (၆၀၂)၊ ဦးပိုင်အမှတ် (၂၁-ခ) ရှိ မြေညီထပ်တိုက်ခန်းကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ဒသမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ (၂၆x၂၇) လမ်းကြား၊ ၎ပိတန်းလက်ကြား၊ အကွက်အမှတ် (၆၀၂)၊ ဦးပိုင်အမှတ် (၂၁-ခ) ရှိ မြေညီထပ်တိုက်ခန်းကို အမြင့်ဆုံးဈေးနှုန်း ကျပ် ၆၀ သန်းဖြင့် အဆိုပြုသူ ဦးဇော်မြင့်နိုင် ကို ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဦးဇော်မြင့်နိုင်သည် အဆိုပါမြေညီထပ်တိုက်ခန်း တန်ဖိုး ကျပ် ၆၀ သန်းကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် အကျေပေးသွင်းပြီး ဖြစ်ပါသဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ဦးဇော်မြင့်နိုင်သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်း မှတ်ပုံတင်၍ လွှဲပြောင်းပေးရန် ဖြစ်ပါသည်။

၃။ ဦးဇော်မြင့်နိုင်အနေဖြင့် နိုင်ငံတော်ပိုင်တိုက်ခန်းကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည်ဖြစ်ပါသည်။

၄။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ (၂၆x၂၇) လမ်းကြား၊ ငပိတန်းလက်ကြား၊ အကွက်အမှတ် (၆၀၂)၊ ဦးပိုင်အမှတ် (၂၁-ခ) ရှိ မြေညီထပ်တိုက်ခန်းကို ဝယ်ယူသူ ဦးဇော်မြင့်နိုင်၏ အမည်ပေါက်ဆောင်ရွက်ပေးရေးကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၅။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံ တင်ပြရန်ဖြစ်ပါသည်။

မောင်မောင်ဝင်း
တွဲဖက်အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

### ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(Belt and Road Initiative–BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ** တွင် အဖွဲ့ဝင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် **အစား** အဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့် အဖွဲ့ဝင် စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်တို့ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

( ပုံ ) ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
ဥက္ကဋ္ဌ
ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative–BRI)
အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

## အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ

## အမိန့်အမှတ် (၂/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်)

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ထုတ်ပြန်ထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG)၊ ယင်းက ဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force – PDF)၊ ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းအားလုံးနှင့် ယင်းတို့နှင့် ဆက်နွှယ်သူများ၏ ငွေကြေးများ၊ ပစ္စည်းများနှင့် ရန်ပုံငွေများအား ထိန်းချုပ်တားမြစ်ခြင်း**

၁။　အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၇၂ ပုဒ်မခွဲ (ခ) တို့အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG)၊ ယင်းက ဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် ၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၁ ဖြင့် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။　အဆိုပါသတ်မှတ်ကြေညာချက်အရ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၃ အရ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် နည်းဥပဒေ ၁၀ တွင်ဖော်ပြထားသည့် အောက်ပါရန်ပုံငွေများအပါအဝင် မည်သည့်ရန်ပုံငွေမဆို မိမိတို့လက်ဝယ်တွင် ရှိ မရှိ ဆုံးဖြတ်ရန်အလို့ငှာ မိမိတို့၏မှတ်တမ်းများကို ချက်ချင်းရှာဖွေ စစ်ဆေးခြင်းများပြုလုပ်ရမည်–

(က)　အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုသာမက အကြမ်းဖက်မှုလုပ်ရပ်၊ ပူးပေါင်းကြံစည်မှု သို့မဟုတ် ခြိမ်းခြောက်မှုနှင့်ဆက်နွှယ်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတို့ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ပစ္စည်းများနှင့် ရန်ပုံငွေအားလုံး၊

(ခ)　အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများက အားလုံးဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ပစ္စည်းများနှင့် ရန်ပုံငွေများ၊

(ဂ)　အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်ထားသည့် ရန်ပုံငွေများ သို့မဟုတ် အခြားသော ပိုင်ဆိုင်မှုများမှ ဆင်းသက်လာသည့် သို့မဟုတ် ဖြစ်ထွန်းလာသည့် ပစ္စည်းများနှင့် ရန်ပုံငွေများ၊

(ဃ)　အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများ၏ကိုယ်စား သို့မဟုတ် ၎င်းတို့၏ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ၏ ရန်ပုံငွေများ သို့မဟုတ် အခြားသော ပိုင်ဆိုင်မှုများ။

၃။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၄ အရ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ထိန်းချုပ်မိန့်နှင့်သက်ဆိုင်သည့် ရန်ပုံငွေများ လက်ဝယ်တွင်ရှိကြောင်း စစ်ဆေးတွေ့ရှိပါက ကြိုတင်သတိပေးခြင်းနှင့် နှောင့်နှေးကြန့်ကြာခြင်းများမရှိစေဘဲ ထိန်းချုပ်မှုပြုလုပ်ခြင်း၊ ထိန်းချုပ်မိန့်ပြုလုပ်သည့် ရန်ပုံငွေဆိုင်ရာအချက်အလက်များနှင့် အရေးယူဆောင်ရွက်မှုများကို လုပ်ငန်းကော်မတီသို့ ဤအမိန့်ထုတ်ပြန်သည့်ရက်မှ အလုပ်လုပ်ရက် (၃) ရက်ထက် နောက်မကျစေဘဲ အတတ်နိုင်ဆုံး ဆောလျင်စွာ ပေးအပ်ခြင်းတို့ ဆောင်ရွက်ရမည်။

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၃) နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများ၏ နည်းဥပဒေ ၁၁ တို့နှင့်အညီ ထိန်းချုပ်မိန့်တစ်ရပ်အား ထုတ်ပြန်ခြင်းခံရသည့် မည်သည့်မြန်မာနိုင်ငံသားမဆို သို့မဟုတ် မြန်မာနိုင်ငံအတွင်း နေထိုင်သည့် သို့မဟုတ် တည်ရှိသည့် မည်သည့်လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို သတ်မှတ်ကြေညာခြင်းခံရသူ သို့မဟုတ် အဖွဲ့အစည်းများက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများနှင့် ယင်းတို့၏ ကိုယ်စား သို့မဟုတ် ယင်းတို့၏ ညွှန်ကြားချက်အရဆောင်ရွက်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ၏ အကျိုးစီးပွားအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရန်ပုံငွေ သို့မဟုတ် အခြားသောပိုင်ဆိုင်မှုတစ်စုံတစ်ရာ၊ စီးပွားရေးအရင်းအမြစ်များ သို့မဟုတ် ဘဏ္ဍာရေး သို့မဟုတ် အခြားဆက်စပ်ဝန်ဆောင်မှုများအား ဗဟိုအဖွဲ့၏ခွင့်ပြုချက်မရရှိဘဲ ငွေကြေးဝန်ဆောင်မှု၊ ငွေကြေး လွှဲပြောင်းမှုတို့ကို ဆောင်ရွက်ပေးခြင်း မပြုလုပ်ရန် အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား
တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်)

### မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၉၂၊ ပုဒ်မခွဲ (ခ) တို့အရ **မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ(၁) |
| (ဂ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် | ဒုတိယဥက္ကဋ္ဌ(၂) |
| (ဃ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( စ ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ) | ညွှန်ကြားရေးမှူး သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူး<br>ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ) | ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူး<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟိုဌာနချုပ်) | အဖွဲ့ဝင် |
| (ထ) | ကိုယ်စားလှယ် (၁) ဦး<br>မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| ( ဒ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| ( ဓ ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |
| ( န ) | အမျိုးသားကော်မတီဝင်<br>အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများက ရွေးချယ်ခြင်းခံရသော<br>ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| ( ပ ) | အမျိုးသားကော်မတီဝင်<br>စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များကရွေးချယ်ခြင်းခံရသော<br>ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| ( ဖ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်လည်ထူထောင်ရေးဦးစီးဌာန | အတွင်းရေးမှူး (၁) |
| ( ဗ ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန | အတွင်းရေးမှူး (၂) |

(ဘ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၁)
ပြန်လည်ထူထောင်ရေးဦးစီးဌာန

( မ ) အထွေထွေအတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး (၂)
မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်

၂။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

( ခ ) မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများတွင်ပါရှိသော ပြဋ္ဌာန်းချက်တို့ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ရေးဆွဲဆောင်ရွက်ခြင်း၊

( ဂ ) လုပ်ငန်းကော်မတီ၏ တာဝန်ဝတ္တရားတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နည်းပညာအထောက်အကူပြုအဖွဲ့နှင့် ဆပ်ကော်မတီတို့ကို မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင် မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်မှုနှင့် ဦးစားပေးခံရမှု သေချာစေရေး ဆောင်ရွက်ခြင်း၊

( င ) အရေးပေါ် အခြေအနေများတွင် ရောက်ရှိနေသော မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် မသန်စွမ်းမှုအလိုက် လိုအပ်ချက်တို့ကို ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခြင်း၊

( စ ) မသန်စွမ်းမှု အမျိုးအစားနှင့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းတို့ကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်ခြင်း၊

(ဆ) ရပ်ရွာအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်တို့တွင် မသန်စွမ်းသူများ အကျုံးဝင်ပါဝင်ရေး ဆောင်ရွက်ခြင်း၊

( ဇ ) နိုင်ငံတော်အစိုးရနှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းတို့မှ ဖွင့်လှစ်လျက်ရှိသော သင်တန်းအစီအစဉ်များတွင် မသန်စွမ်းသူများ တက်ရောက်သင်ယူခွင့်ရရှိရေး ဆောင်ရွက်ခြင်း၊

( ဈ ) မသန်စွမ်းသူများအား ဝေပုံကျနှုန်းထားအတိုင်း အလုပ်ခန့်ထားရေး ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုတို့ကို လေ့လာစောင့်ကြည့်ခြင်း၊

(ည) မသန်စွမ်းသူများအတွက် အတားအဆီးကင်းသော လုပ်ငန်းခွင်ဖန်တီးရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး ဆောင်ရွက်ခြင်း၊

( ဋ ) မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်မှုတို့ကို ကြီးကြပ်လမ်းညွှန်ခြင်း။

၃။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၈/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အောင်ထွန်းခိုင်
အတွင်းရေးမှူး
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်)

**စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးမောင်မောင်လင်း | ဥက္ကဋ္ဌ<br>စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ရီရီသန်း | အဖွဲ့ဝင်(၂)<br>စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်စိန် | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းလှိုင် | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး | အဖွဲ့ဝင် |
| (င) | ဦးအောင်ဝင်းထွန်း | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးသစ်ထူးမြင့် | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်အောင်မိုး | ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်လဲ့လဲ့ခိုင် | ဒုတိယညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးမင်းထင် | ခရီးသွားလုပ်ငန်းတတ်သိပညာရှင်<br>အစီအစဉ်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ည) | ဦးဌေးရွှေ | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(စစ်ကိုင်းဇုန်) | အဖွဲ့ဝင် |
| (ဋ) | ဦးအောင်ကြီး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ဟိုတယ်တည်းခိုရိပ်သာနှင့်<br>တည်းခိုခန်းလုပ်ငန်းရှင်များအသင်း (ရွှေဘိုဇုန်) | အဖွဲ့ဝင် |
| (ဌ) | ဦးညွန့်ဝင်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ဟိုတယ်တည်းခိုရိပ်သာနှင့်<br>တည်းခိုခန်းလုပ်ငန်းရှင်များအသင်း (စစ်ကိုင်း) | အဖွဲ့ဝင် |
| (ဍ) | ဦးအောင်သူဦး | တာဝန်ခံ၊ စစ်ကိုင်းတိုင်းဒေသကြီး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁)

## မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးတင့်လွင် | ဥက္ကဋ္ဌ<br>မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးပိုင်မြင့် | အဖွဲ့ဝင် (၄)<br>မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးမျိုးအောင် | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဃ) | ဦးငွေးမောင် | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီးသစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးညွန့်နိုင် | တိုင်းဒေသကြီးဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်ညိုညိုသန်း | တိုင်းဒေသကြီးဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး<br>ရှေးဟောင်းသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းမိုးထိုက် | ဒုတိယအင်ဂျင်နီယာမှူးကြီး<br>မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ဥမ္မာမြင့် | ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်မင်းနိုင် | ခရီးသွားလုပ်ငန်းတတ်သိပညာရှင်၊ မြိုင် CBT | အဖွဲ့ဝင် |
| (ည) | ဦးစံထွေး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မကွေးဇုန်) | အဖွဲ့ဝင် |
| (ဋ) | ဦးမြင့်စိုး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ (ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းများ<br>ကြီးကြပ်ရေးကော်မတီ) | အဖွဲ့ဝင် |
| (ဌ) | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်း ကိုယ်စားလှယ် (၁) ဦး | | အဖွဲ့ဝင် |
| (ဍ) | ဦးမြင့်စိန် | တာဝန်ခံ၊ မကွေးတိုင်းဒေသကြီး<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁)

## ကယားပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကယားပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ဦး | ဥက္ကဋ္ဌ<br>ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| ( ခ ) | ရဲမှူးကြီး မျိုးဆွေ | အဖွဲ့ဝင်<br>ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးအံ့မော် | အတွင်းရေးမှူး<br>ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဃ) | ဦးစန်းဝေ | ပြည်နယ်ဦးစီးမှူး၊ ကယားပြည်နယ်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့<br>အင်အားဆိုင်ရာပြည်နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| ( င ) | ဦးသန့်ဇော်ဦး | ပြည်နယ်ဦးစီးမှူး<br>ကယားပြည်နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးတင်ထူး | ပြည်နယ်ဦးစီးမှူး၊ ကယားပြည်နယ်<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါ်မေမျိုးဇော် | ပြည်နယ်ဦးစီးမှူး၊ ကယားပြည်နယ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဦးကျော်သူ | ညွှန်ကြားရေးမှူး<br>ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင် (၁) ဦး | | အဖွဲ့ဝင် |
| (ည) | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ဒေသခံကိုယ်စားလှယ် (၃) ဦး | | အဖွဲ့ဝင်များ |
| ( ဋ ) | ဦးလင်းဇော်ထွန်း | တာဝန်ခံ၊ ကယားပြည်နယ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၁)

## ရခိုင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရခိုင်ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

| | | | |
|---|---|---|---|
| (က) | ဒေါက်တာ အောင်ကျော်မင်း | ဥက္ကဋ္ဌ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (ခ) | ဦးသန်းထွန်း | အဖွဲ့ဝင်(၃) ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်ဝင်းဦး | ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ရဲမှူးကြီး သက်လွင် | ပြည်နယ်ရဲတပ်ဖွဲ့မှူး ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (င) | ဦးကြည်ခင် | ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးစိုးလွင် | ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးသက်ထွန်း | ညွှန်ကြားရေးမှူး ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာ ထူးမင်းသိမ်း | ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်(၁) ဦး | | အဖွဲ့ဝင် |
| (ည) | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ဒေသခံကိုယ်စားလှယ် (၃) ဦး | | အဖွဲ့ဝင်များ |
| (ဋ) | ဦးတင်ထွန်းအောင် | တာဝန်ခံ၊ ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မောင်မောင်အုန်း
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၅၇၇/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုနိုင် အား ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် ပထမအကြိမ် တစ်နှစ် ဆက်လက်ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန**

**တင်ဒါကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၇/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရုံးသုံးပရိဘောဂ၊ စက်နှင့်စက်ကိရိယာပစ္စည်းများဝယ်ယူရာတွင် အရည်အသွေးပြည့်မီသောပစ္စည်းများရရှိရေး နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) နှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်-

(က) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးအောင်ချိုအေး | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဒေါ်အေးတိုးထွန်း | ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (၃) | ဦးပုညဝင်းအောင် | ဒုတိယညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

(ခ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးနေဝင်းကို | ဒုတိယညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဦးကိုကိုဦး | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဦးခိုင်မင်းထွန်း | ဦးစီးအရာရှိ | အတွင်းရေးမှူး |

(ဂ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးဇော်ဟိန်းအောင် | လက်ထောက်အတွင်းဝန် | ဥက္ကဋ္ဌ |
| (၂) | ဦးရဲကျော်တေဇ | ဒုတိယညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (၃) | ဦးဝင်းဇော်ထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၂။ **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝယ်ယူမည့်ပစ္စည်း၊ ဆောင်ရွက်မည့်လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ခြင်း၊

(ခ) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက် စသည်တို့နှင့် လိုက်လျော ညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်း စသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်း၊

(ဂ) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်းအမျိုးအစား အလိုက် ဒေသဈေးနှုန်းများစုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့်ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

(ဃ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(င) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(စ) တင်ဒါကော်မတီကပေးအပ်သည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၃။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခ) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(ဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိနှင့် သက်ဆိုင်ရာ ဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ တို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(င) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိမရှိ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်းအများ အလိုက် မှတ်တမ်းပြုစုထားခြင်း၊

(ဆ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(ဇ) တင်ဒါကော်မတီကပေးအပ်သည့် တာဝန်များကို ဆောင်ရွက်ခြင်း။

၄။ **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်သွင်းသည့်ပစ္စည်း သို့မဟုတ် လုပ်ငန်းအလိုက် အရည်အသွေးများကို စစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) ဝယ်ယူမည့်ဌာန၊ အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

(င) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ် သည့် ခုနှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(စ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(ဆ) တင်ဒါကော်မတီကပေးအပ်သည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၅။ ယခင်ဖွဲ့စည်းခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၀) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

မြင့်ဦး

ဥက္ကဋ္ဌ

တင်ဒါကော်မတီ

**[ယခင်အပတ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (ပြည်ထောင်စုဝန်ကြီးရုံး) အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၁) စာရင်းအင်း နည်းဥပဒေများမှ အဆက်]**

## အခန်း (၇)

## နည်းပညာပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (Technical Review) နှင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူခြင်း

၁၉။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူသည် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးအတွက် လိုအပ်သည့် စစ်တမ်းများနှင့် သန်းခေါင်စာရင်းများကို ကောက်ယူခွင့် ရှိသည်။ အမျိုးသားညွှန်ကိန်းမူဘောင် (NIF) ပါ စာရင်းအင်းဆိုင်ရာလုပ်ငန်းရပ်များ၊ သန်းခေါင်စာရင်း များနှင့် စစ်တမ်းများ ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ စာရင်းအင်းတွက်ချက်စုစည်းမှုစံနှုန်းများ၊ လုပ်ငန်းစဉ်များနှင့် ညီညွတ်စေရန် ဗဟိုကော်မတီထံမှ နည်းပညာပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း (Technical Review) နှင့် ခွင့်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၀။ အစိုးရဌာန အဖွဲ့အစည်းများအားလုံးမှ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှုအကူအညီအထောက်အပံ့ဖြင့် ဖြစ်စေ၊ နိုင်ငံတော်အစိုးရ၏ ဘတ်ဂျက်ဖြင့်ဖြစ်စေ ဆောင်ရွက်မည့် သန်းခေါင်စာရင်းများနှင့် စစ်တမ်းများ အားလုံးအတွက် ဗဟိုကော်မတီထံမှ နည်းပညာပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ခွင့်ပြုချက်ရယူခြင်း ဆောင်ရွက်ရမည်။

၂၁။ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ လုပ်ငန်းလိုအပ်ချက်အရ ကောက်ယူသည့် စစ်တမ်းငယ်များအတွက် ဗဟိုကော်မတီထံသို့ တင်ပြအတည်ပြုချက် ရယူရန်မလိုအပ်ပါ။

၂၂။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဌာနအတွင်းအသုံးပြုရန်သာ ရည်ရွယ်ပြီး ထုတ်ဝေဖြန့်ဖြူးခြင်း မပြုသည့် စစ်တမ်းများနှင့် အခြားစာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များ အတွက် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူရန် မလိုအပ်ပါ။

၂၃။ စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူ သို့မဟုတ် အဖွဲ့အစည်းများသည် စာရင်းအင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအတွက် ဆောင်ရွက်ရန် လိုအပ်မှုအနေအထား၊ အချက်အလက်ကောက်ယူ မည့် နမူနာပုံစံ၊ စစ်တမ်းမေးခွန်းလွှာ၊ တွက်ချက်ထုတ်ပြန်ရန် လျာထားသည့် စာရင်းအင်းနှင့် ညွှန်ကိန်း စာရင်းများ တွက်ချက်ရာတွင် အသုံးပြုမည့်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တွက်ချက်မှုနည်းလမ်း၊ ထုတ်ပြန်မည့် နည်းလမ်း စသည်တို့ကို လုပ်ငန်းစဉ်အဆင့်ဆင့်အလိုက် ပြီးမြောက်ရန် မျှော်မှန်းထားသည့် အချိန် သတ်မှတ်ချက် (Time Frame) များပါဝင်သည့် စီမံချက်နှင့်တကွ သတ်မှတ်ထားသည့်ပုံစံတွင် ဖြည့်စွက် ရမည်။ ၎င်းနောက် လုပ်ငန်းစတင်ဆောင်ရွက်ခြင်းမပြုမီ အနည်းဆုံး နှစ်လကြိုတင်၍ စာရင်းအင်းဆိုင်ရာ အကြီးအမှူးမှတစ်ဆင့် ဗဟိုကော်မတီထံသို့ တင်ပြကာ အတည်ပြုချက်ရယူရမည်။

၂၄။ ဗဟိုကော်မတီ၏ တာဝန်ပေးချက်အရ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့သည် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများက ဆောင်ရွက်မည့် သန်းခေါင်စာရင်းများနှင့် စစ်တမ်းများ ကောက်ယူမှုအတွက် နည်းပညာပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်မှု (Technical Review) ပြုလုပ်ပြီး စာရင်းအင်းဆိုင်ရာ အကြီးအမှူးမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

၂၅။ စစ်တမ်းများနှင့်စာရင်းအင်းဆိုင်ရာစံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့သည်စိစစ်ဆေးသုံးသပ်မှုအတွက် လိုအပ်ပါက စာရင်းအင်းလုပ်ငန်းဆောင်ရွက်မည့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရမည်။

၂၆။ ဗဟိုကော်မတီသည် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူက ကြိုတင်ခွင့်ပြုချက်ရယူရန် တင်ပြလာသည့် စာရင်းအင်းလုပ်ငန်းစဉ်များအတွက် စီမံချက်နှင့်စပ်လျဉ်း၍ လုပ်ငန်းစတင်ရန် လျာထားသည့် နေ့ရက်မတိုင်မီ အနည်းဆုံး ရက်သတ္တနှစ်ပတ် ကြိုတင်၍ ခွင့်ပြုချက် ထုတ်ပြန်ရမည်။

၂၇။ (က) နည်းဥပဒေ ၂၆ အရ ကြိုတင်ခွင့်ပြုချက်ထုတ်ပြန်ရာတွင် သက်တမ်းကုန်ဆုံးမည့် နေ့ရက်ကို ဖော်ပြထားရမည်။

(ခ) ခွင့်ပြုသည့် နေ့ရက်မှစ၍ တစ်နှစ်အတွင်း လုပ်ငန်းဆောင်ရွက်ရမည်။

(ဂ) ပုံမှန်ကောက်ယူလေ့ရှိသည့်သန်းခေါင်စာရင်းများနှင့်စစ်တမ်းများအတွက်ကောက်ယူသည့် နည်းလမ်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် လွှမ်းခြုံမှုနယ်ပယ်ဧရိယာ၊ မေးခွန်းလွှာဖွဲ့စည်းပုံတို့ ပြောင်းလဲမှုမရှိခဲ့လျှင် လုပ်ငန်းဆောင်ရွက်ခွင့်ကာလကို (၃) နှစ်အထိ ခွင့်ပြုနိုင်သည်။

(ဃ) ခွင့်ပြုချက်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်၍ သန်းခေါင်စာရင်းနှင့် စစ်တမ်း ကောက်ယူလိုပါက မူလက ပြုလုပ်ခဲ့သည့် ကြိုတင်ခွင့်ပြုချက်တောင်းခံသည့် လုပ်ငန်းစဉ် အတိုင်း ဆောင်ရွက်ရမည်။

၂၈။ (က) ပုံမှန်မဟုတ်သည့် အခါအားလျော်စွာ ကောက်ယူသောစစ်တမ်း (Ad hoc Survey) များအတွက် ခွင့်ပြုချက်ရရှိသည့်နေ့မှ နောက်ခြောက်လအတွင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ခ) ခွင့်ပြုချက်သက်တမ်းသည် ခွင့်ပြုချက်ရရှိပြီးသည့်နောက် လုပ်ငန်းစတင်ဆောင်ရွက်ရန် ကန့်သတ်ကာလဖြစ်ပြီး အဆိုပါခွင့်ပြုထားသည့်ကာလအတွင်း လုပ်ငန်းစတင်ဆောင်ရွက်ခြင်း မပြုနိုင်ဘဲ ခွင့်ပြုချက်ကာလ သက်တမ်းကုန်ဆုံးသွားပါက ခွင့်ပြုချက်အား အသစ်တစ်ဖန် ပြန်လည်လျှောက်ထားရမည်။

(ဂ) အဆိုပါခွင့်ပြုချက်ကာလသည် ခွင့်ပြုချက်ရပြီးနောက် လုပ်ငန်းစတင်ဆောင်ရွက်ရသည့် ကာလကိုသာ ရည်ရွယ်ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေသည့်ကာလ (Duration) နှင့် သက်ဆိုင်ခြင်း မရှိရ။

၂၉။ ဗဟိုကော်မတီ၏ ခွင့်ပြုချက်အမှတ်ကို စစ်တမ်း သို့မဟုတ် သန်းခေါင်စာရင်း မေးခွန်းလွှာ၏ ညာဘက်အပေါ်ထောင့်တွင် ရိုက်နှိပ်ဖော်ပြရမည်။ ထိုသို့ဖော်ပြခြင်းဖြင့် စစ်တမ်း သို့မဟုတ် သန်းခေါင်စာရင်းဆိုင်ရာ လုပ်ငန်းရပ်များသည် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော လုပ်ငန်းဖြစ်ကြောင်း အများပြည်သူမှ သိရှိစေရမည်။ အလားတူပင် ဗဟိုကော်မတီသည် ဗဟိုစာရင်းအင်းအဖွဲ့မှတစ်ဆင့် ခွင့်ပြုချက်ချထားပြီးဖြစ်သည့် စစ်တမ်း သို့မဟုတ် သန်းခေါင်စာရင်းများစာရင်းကို အများပြည်သူသို့ ချပြကြေညာ၍ မေးခွန်းဖြေကြားမည့်သူများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အထောက်အပံ့ ပိုမိုရရှိစေရန် ဆောင်ရွက်ရမည်။

၃၀။ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့သည် စစ်တမ်းကောက်ယူမည့်ကာလ၊ လုပ်ငန်းစဉ်များဆောင်ရွက်မည့် အချိန်သတ်မှတ်ချက်များနှင့် ရလဒ်များထုတ်ပြန်မည့်ကာလတို့ပါဝင်သည့် စစ်တမ်းအချိန်ဇယား (Survey Calendar) ကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ရယူ၍ ဗဟိုစာရင်းအင်းအဖွဲ့မှတစ်ဆင့် ထုတ်ပြန်ရမည်။

၃၁။ ခွင့်ပြုချက်ရရှိထားသည့်စစ်တမ်းနှင့်သန်းခေါင်စာရင်းလုပ်ငန်းများသည် မူလခွင့်ပြုမိန့်တောင်းခံစဉ်က အဆိုပြုဖော်ပြထားချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ခြင်းမရှိသည်ကို စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များလုပ်ငန်းအဖွဲ့ သို့မဟုတ် ဗဟိုစာရင်းအင်းအဖွဲ့က စစ်ဆေးတွေ့ရှိကြောင်း တင်ပြလာပါက ဗဟိုကော်မတီသည် ခွင့်ပြုချက်အား ပြန်လည်ရုပ်သိမ်းရမည်။

၃၂။ စာရင်းအင်းဆိုင်ရာ အကြီးအမှူးသည် အမျိုးသားစာရင်းအင်းစနစ်အတွင်း တရားဝင် စာရင်းအင်းများနှင့် စာရင်းအင်းဆိုင်ရာလုပ်ငန်းများအတွက် ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များကို နှစ်စဉ်ပြန်လည်သုံးသပ်၍ လိုအပ်ချက်များအား အကြံပြုချက်များနှင့်အတူ ဗဟိုကော်မတီသို့ တင်ပြရမည်။

## အခန်း (၈)
## စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (NSDS) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၃၃။ ဗဟိုကော်မတီသည် အမျိုးသားစာရင်းအင်းစနစ်တစ်ခုလုံးရှိ စာရင်းအင်းဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးမှုများဖြစ်ပေါ်စေရန်အလို့ငှာ ကာလလတ်နှင့် ကာလရှည်စီမံကိန်းများရေးဆွဲရန် ညွှန်ကြားခြင်းနှင့် အကောင်အထည်ဖော်ရန် အတည်ပြုခြင်းနှင့် ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၃၄။ ဗဟိုကော်မတီသည် စာရင်းအင်းအသုံးပြုသူများ၏ လိုအပ်ချက်နှင့် ဦးစားပေးစာရင်းအင်းများကို စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ရန်အတွက် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (NSDS) ကို ပြည့်စုံရှင်းလင်း၍ ကောင်းမွန်သည့် ကာလလတ်မူဘောင်တစ်ခုကို ချမှတ်ရမည်။

၃၅။ ဗဟိုကော်မတီသည် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် လိုအပ်သည့် စွမ်းရည်တည်ဆောက်မှုအစီအစဉ်များအတွက် ပို၍ကောင်းမွန်သည့် ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ် (Action Plan) များကို မဟာဗျူဟာတွင် ထည့်သွင်းရမည်။

၃၆။ ဗဟိုကော်မတီသည် မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရေးအား ရေရှည်လုပ်ငန်းစဉ်အဖြစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းအစီအစဉ်များ အစီအစဉ်တကျဖြစ်စေရေးနှင့် စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သည့် ဌာနများအကြား မလိုအပ်ဘဲ တူညီသောလုပ်ငန်းများအား အကောင်အထည်ဖော်မိခြင်းဖြင့် ဘဏ္ဍာငွေကြေး လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် ဆောင်ရွက်ရမည်။

၃၇။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် မိမိတို့ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်သွားမည့် စာရင်းအင်းနှင့်သက်ဆိုင်သော နှစ်စဉ်လုပ်ငန်းအစီအစဉ်၊ ကာလတို၊ ကာလလတ်နှင့် ကာလရှည် လုပ်ငန်းစီမံကိန်းများကို မဟာဗျူဟာပါ လုပ်ငန်းအစီအစဉ်များနှင့် ချိန်ညှိရေးဆွဲရမည်။ လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ရန်အတွက် လိုအပ်သည့် ဘတ်ဂျက်လျာထားခြင်းနှင့် နည်းပညာအကူအညီ (Technical Assistance) များ ရယူခြင်းကို ပြည်တွင်း ပြည်ပ ရင်းမြစ်များမှ ရှာဖွေဖော်ထုတ် ဆောင်ရွက်နိုင်သည်။

၃၈။ ဗဟိုစာရင်းအင်းအဖွဲ့သည် ဗဟိုကော်မတီ၏ ခွင့်ပြုချက်အရ ကဏ္ဍအလိုက် စာရင်းအင်းလုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ (NSDS) မှတစ်ဆင့် တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သော နှစ်စဉ်လုပ်ငန်းအစီအစဉ် ရေးဆွဲရမည်။ အဆိုပါအစီအစဉ်တွင် အမျိုးသားစာရင်းအင်းစနစ်တစ်ခုလုံးကို ခြုံငုံမိစေမည့် လုပ်ငန်းစီမံကိန်းများကို သက်ဆိုင်ရာခေါင်းစဉ်အလိုက် အချိန်ကာလသတ်မှတ်ချက်များနှင့် ရန်ပုံငွေချထားသုံးစွဲမှုတို့ကို အသေးစိတ် ဖော်ပြရမည်။

## အခန်း (၉)
## တရားဝင်စာရင်းအင်းများထုတ်ပြန်ခြင်း

၃၉။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူသည် အမျိုးသားစာရင်းအင်းမူဘောင်နှင့် တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သော နှစ်စဉ်လုပ်ငန်းအစီအစဉ်တွင်ပါဝင်သည့် တရားဝင်စာရင်းအင်းများအတွက် ထုတ်ပြန်မှုအချိန်ဇယား (Release Calendar) တစ်ခုကို နှစ်စဉ်ပြုစုရေးဆွဲရမည်။ ယင်းအချိန်ဇယားတွင် ပြည်သူများက မည်သည့်စာရင်းအင်းအချက်အလက်များကို မည်သည့်အချိန်တွင် မည်သည့်နေရာမှ ရရှိအသုံးပြုနိုင်မည်ဆိုသည့် တရားဝင်သတင်းအချက်အလက်များ ပါဝင်ရမည်။ ကြိုတင်ထုတ်ပြန်ထားသည့် လုပ်ငန်းအချိန်ဇယားအတိုင်း ထုတ်ပြန်ရမည်။

၄၀။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူများသည် အရည်အသွေးပြည့်ဝသော စာရင်းအင်းအချက်အလက်များကို စဉ်ဆက်မပြတ် ထုတ်ပြန်ရမည်။

၄၁။ ဗဟိုစာရင်းအင်းအဖွဲ့နှင့်စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူသည်တရားဝင်စာရင်းအင်းများကို ထုတ်ပြန်ရာတွင်-

(က) သင့်လျော်သည့် နည်းလမ်း၊ ကြိမ်ရေဖြင့် စာစောင်များ၊ အထူးထုတ်ပြန်ချက်များ၊ စာရင်းအင်းဆိုင်ရာ အနှစ်ချုပ်များ သို့မဟုတ် စာရင်းဇယားများဖြင့် အသုံးပြုသူများ၏ လိုအပ်ချက်များအပေါ် မူတည်၍ ထုတ်ပြန်ရမည်။

( ခ ) စာရင်းအင်းလုပ်ငန်းစဉ်များမှ ရရှိသည့် စာရင်းအင်းအချက်အလက်များကို စာအုပ်စာစောင်များဖြင့်သော်လည်းကောင်း၊ အင်တာနက်စာမျက်နှာမှသော်လည်းကောင်း သင့်လျော်သည့် အခကြေးငွေဖြင့် သို့မဟုတ် အခမဲ့ဖြင့် ထုတ်ပြန်ရမည်။

၄၂။ စာရင်းအင်းအချက်အလက် ထုတ်ပြန်သူသည် လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်များ (Confidential Data) နှင့် အသေးစိတ်ထုတ်ပြန်နိုင်မည့် ခွဲခြမ်းစိတ်ဖြာထားသည့် အချက်အလက်များ (Disaggregate Data) ကို မိမိတို့၏ ဌာနအလိုက် စာရင်းပြုစု၍ ဗဟိုကော်မတီအတွင်းရေးမှူးရုံးမှတစ်ဆင့် ဗဟိုကော်မတီသို့တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၄၃။ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများသည် စာရင်းအင်းများ လွယ်လွင့်တကူ ရယူအသုံးပြုနိုင်ရေးအတွက် အသုံးပြုသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြုဆောင်ရွက်ရမည်။

၄၄။ ပြည်ပအဖွဲ့အစည်းများသည် အမျိုးသားစာရင်းအင်းစနစ်နှင့်ဆက်နွယ်သည့် စာရင်းအင်းဆိုင်ရာ အချက်အလက်များ တောင်းခံရာတွင် ဗဟိုစာရင်းအင်းအဖွဲ့သို့ ဦးစွာဆက်သွယ်ဆောင်ရွက်ရမည်။ ဗဟိုစာရင်းအင်းအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအနေဖြင့် ပြည်ပအဖွဲ့အစည်းများမှ တောင်းခံလာသည့် စာရင်းအင်းများနှင့် ညွှန်ကိန်းများကို ပြန်လည်ပေးအပ်ရမည်။

၄၅။ ဗဟိုစာရင်းအင်းအဖွဲ့နှင့် စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သူများသည် မိမိတို့သတ်မှတ်ထားသည့် ငွေကြေးနှုန်းထားကို စာရင်းအချက်အလက်များ အသုံးပြုလိုသူက ပေးသွင်း၍ တောင်းခံလာပါက ၎င်းတို့သိရှိလိုသည့် စာရင်းအင်းအချက်အလက်များကို လျှို့ဝှက်ထိန်းသိမ်းထားရမည့် အချက်အလက်မှအပ သုံးစွဲခွင့်ပြုနိုင်သည်။ ငွေကြေးနှုန်းထား သတ်မှတ်ခြင်းကို သက်ဆိုင်ရာ စာရင်းအင်းအချက်အလက် ပြုစုထုတ်ပြန်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအကြီးအကဲ၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်နိုင်ပြီး ထိုသို့ငွေကြေးနှုန်းထား သတ်မှတ်ခြင်းသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ဗဟိုစာရင်းအင်းအဖွဲ့အကြား လုပ်ငန်းတာဝန်များဆောင်ရွက်ရန်အလို့ငှာ တောင်းခံဖလှယ်သည့် စာရင်းအင်းအချက်အလက်များ အပေါ် သက်ရောက်မှု မရှိစေရ။

## အခန်း (၁၀)

## တရားဝင်စာရင်းအင်းများ အားပေးမြှင့်တင်ခြင်း

၄၆။ ဗဟိုကော်မတီသည် စာရင်းအင်းအရည်အသွေး ပြည့်ဝစေရေးနှင့် စာရင်းအင်းစနစ် ပြည့်စုံတိကျမှန်ကန်ရေးအတွက် အောက်ဖော်ပြပါ မူဝါဒများကို ချမှတ်ရမည်-

(က) တရားဝင်စာရင်းအင်းများ ထုတ်ပြန်နိုင်ရန် စာရင်းအင်း တွက်ချက်ပြုစုရာတွင် နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့် အသိအမှတ်ပြု တရားဝင်ကျင့်ဝတ် မူဘောင်များအတိုင်း ဖြစ်ပေါ်စေရေး မူဝါဒ၊

( ခ ) တရားဝင်စာရင်းအင်းများ ထုတ်ပြန်ခြင်းနှင့် အားပေးမြှင့်တင်ခြင်း မူဝါဒ၊

( ဂ ) ကိန်းဂဏန်းအချက်အလက် ဖလှယ်ရေးမူဝါဒ (Data Sharing Policy)။

၄၇။ ဗဟိုကော်မတီသည် လိုအပ်ပါက စာရင်းအင်းဆိုင်ရာ မူဝါဒများကို ချမှတ်နိုင်သည်။

၄၈။ ဗဟိုကော်မတီသည် စာရင်းအင်းအချက်အလက် ထုတ်ပြန်ရေးနှင့် စာရင်းအင်းအသိပညာမြှင့်တင်ရေးအတွက် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များ ပုံမှန်ကျင်းပရမည်။

၄၉။ ဗဟိုစာရင်းအင်းအဖွဲ့သည် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ နေ့စဉ်လုပ်ငန်းဆောင်တာများအတွက် တရားဝင်စာရင်းအင်းများ၏ အခန်းကဏ္ဍနှင့် အရေးပါမှုကို ပါဝင်ပတ်သက်သူများအားလုံးသတိပြုသိရှိနိုင်ရေးအတွက် မြန်မာစာရင်းအင်းဖိုရမ်ကို နှစ်စဉ်ကျင်းပရမည်။

## အခန်း (၁၁)

## အထွေထွေ

၅၀။ ဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော ခိုင်လုံသော အကြောင်းပြချက်ဟုဆိုရာတွင် မေးခွန်းဖြေကြားသူ၏ လူမှုအကျိုးစီးပွားကို ထိခိုက်စေကြောင်း သိသာခိုင်လုံသည့် အကြောင်းပြချက်ကို ဆိုလိုခြင်းဖြစ်သည်။ ဖြေကြားရန် ပျက်ကွက်သည်ဟုဆိုရာတွင် စာရင်းအင်းဆိုင်ရာ အချက်အလက်များကို နောက်ဆုံးထားပေးပို့ရန် အချိန်အတိုင်းအတာ သတ်မှတ်ချက်ကိုကျော်လွန်၍ ပေးပို့ခြင်း သို့မဟုတ် ပေးအပ်ရန် လိုအပ်သည့် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ပေးအပ်ရန် ပျက်ကွက်ခြင်းလည်းပါဝင်သည်။

၅၁။ ဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) တွင်ဖော်ပြထားသော မမှန်ကန်သော အကြောင်းအရာ၊ အချက်အလက်များကို ပေးအပ်သည်ဟုဆိုရာတွင် ကိန်းဂဏန်းအချက်အလက် ပံ့ပိုးသူအနေဖြင့် မိမိနှင့် မိမိကိုယ်စားပြုသည့် အဖွဲ့အစည်းများ၏ အကျိုးစီးပွားအလို့ငှာ စာရင်းအင်းအချက်အလက်ပြုစုထုတ်ပြန်သူများက တောင်းခံလာသည့် အချက်အလက်များကို ကွယ်ဝှက်ထိမ်ချန်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်းလည်းပါဝင်သည်။

၅၂။ မည်သူမဆို သန်းခေါင်စာရင်းနှင့် စစ်တမ်းများကောက်ယူရာတွင် ကောက်ယူမှုနည်းလမ်းများ၊ ပါဝင်ပတ်သက်မှုများနှင့် ဆွေးနွေးတိုင်ပင်မှုများ၊ ကောက်ယူရရှိသည့် အချက်အလက်များကို တွက်ချက်ထုတ်ပြန်မှုများ စသည့်စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ထောက်ပြအကြံပြုချက်များကို စာရင်းအင်းဆိုင်ရာ အကြီးအမှူးထံသို့ ပေးပို့နိုင်သည်။

၅၃။ အဆိုပါအကြံပြုချက်များကို စိစစ်၍ လက်ခံသင့်သော အကြံပြုချက်ကို ဗဟိုကော်မတီသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၂၁) ၏ သဘောတူခွင့်ပြုချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၈) ဦးတို့ကို ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူးနှင့် လစာနှုန်း | တိုးမြှင့်သည့်ရာထူးနှင့် လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်မေသဇင်သွယ်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဦးကျော်စိုးဦး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၃။ | ဒေါ်ရွှေစင်အိ<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၄။ | ဒေါ်အေးစန္ဒာသက်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၅။ | ဒေါ်ခြူးခြူး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၆။ | ဒေါ်ထက်ထက်ကျော်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၇။ | ဒေါ်မြတ်ဆုမွန်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၈။ | ဒေါ်မူမူအောင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၅ ရက်တွင် ကျင်းပပြုလုပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၇/၂၀၂၁) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်ရီရီထွေး အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၆ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၈/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်)

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/လုပ်ငန်းများက ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် တင်ဒါဆိုင်ရာကော်မတီများကို ဤဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၃/၂၅၅)/၇/ကောင်စီရုံးဖြင့် **၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ဒါညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ဖြင့်သာ ဆက်လက်ဆောင်ရွက်သွားရန်** ညွှန်ကြားလာပါသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အဆောက်အအုံများဆောက်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါဆိုင်ရာကော်မတီများကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **တည်ဆောက်ရေးတင်ဒါကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး (၁)<br>ပြန်ကြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး (၂)<br>ပြန်ကြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၃) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | အဖွဲ့ဝင် |

(၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(၇) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၈) ဒုတိယအမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
ပြန်ကြားရေးဝန်ကြီးဌာန

၃။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းအတွက် ရန်ပုံငွေလျာထားချက် ရှိ မရှိ စိစစ်ခြင်း၊

(ခ) တင်သွင်းလာသည့်တင်ဒါများကို Technology ပိုင်း စစ်ဆေးသည့်အဖွဲ့နှင့် ဈေးနှုန်းကိုစိစစ်သည့်အဖွဲ့တို့ဖြင့် စစ်ဆေး/စိစစ်၍ ပစ္စည်းအရည်အသွေးမှန်ကန်ပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့် ကုမ္ပဏီကို တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီများရှေ့မှောက်တွင်ကြေညာ၍ အခြားကုမ္ပဏီများက အဆိုပါကုမ္ပဏီ၏ အရည်အသွေး၊ ဈေးနှုန်းအတိုင်းပေးသွင်းနိုင်ခြင်း ရှိ မရှိ မေးမြန်းပြီး အခြားကုမ္ပဏီများက ပေးသွင်းနိုင်ခြင်းမရှိပါက တင်ဒါအောင်မြင်သည့် ကုမ္ပဏီကို ဈေးနှုန်းစိစစ်အစည်းအဝေးတွင် ကြေညာပေးခြင်း၊

(ဂ) အဆင့်ဆင့်ရွေးချယ်ပြီး နောက်ဆုံးရွေးချယ်သည့်ကုမ္ပဏီ၊ ဈေးနှုန်းများကို ပြန်ကြားရေးဝန်ကြီးဌာန၊ Website နှင့် သက်ဆိုင်ရာဌာန Website တို့တွင် ထုတ်ပြန်ပေးခြင်း၊

(ဃ) အထက်ပါလုပ်ငန်းများ ဆောင်ရွက်မှုအဆင့်ဆင့်ကို အနီးစပ်ဆုံးကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(င) တင်ဒါကော်မတီက ရွေးချယ်သည့်ကုမ္ပဏီနှင့် လုပ်ငန်းဆောင်ရွက်မည့်ဌာနတို့ စာချုပ်ချုပ်ဆိုပြီးသည့်အခါ ဆောင်ရွက်မှုအဆင့်အလိုက် စာချုပ်ပါအချက်အလက်များ မှန်ကန်မှု ရှိ မရှိ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ စစ်ဆေးစေခြင်း၊

(စ) ကော်မတီသည် လိုအပ်လျှင် လိုအပ်သလို အခါအားလျော်စွာ သီးသန့်အစည်းအဝေးကျင်းပပြီး နိုင်ငံတော်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူခြင်း၊

(ဆ) တင်ဒါတင်သွင်းသူအားလုံး၏ ဈေးနှုန်းအဆိုပြုချက်များသည် သတ်မှတ်သည့်ကြမ်းခင်းဈေးထက် လျော့နည်းပါက တင်ဒါကော်မတီအနေဖြင့် ခိုင်လုံသည့်အကြောင်းပြချက်ဖြင့် ရောင်းချမှုကိုပယ်ဖျက်နိုင်ခြင်း။

၄။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/လုပ်ငန်းများက တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီများကို အောက်ပါအတိုင်း ပြင်ဆင် ဖွဲ့စည်းလိုက်သည်-

(က) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီများ**

(၁) **ဝန်ကြီးရုံး**

(ကက) ဦးကြည်မောင် — အဖွဲ့ခေါင်းဆောင်
လက်ထောက်အတွင်းဝန် (စီမံကိန်း)
ဝန်ကြီးရုံး

(ခ ခ) ဦးကျော်ခိုင်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဂ ဂ) ဦးနိုင်ဝင်း — အဖွဲ့ဝင်
မန်နေဂျာ (စီမံ)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ဃဃ) ဦးဇော်မင်းထိုက် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

**(၂) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

(ကက) ဦးစောမြင့်ဇော် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး (စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ခ ခ) ဦးကျော်ခိုင်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဂ ဂ) ဦးထွန်းထွန်းနိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဃဃ) ဦးသူရကျော် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(င င) ဦးနိုင်ဝင်း — အဖွဲ့ဝင်
မန်နေဂျာ (စီမံ)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

**(၃) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

(ကက) ဦးအောင်မျိုးသန့် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ခ ခ) ဦးအောင်ညီရ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဂ ဂ) ဦးရဲနိုင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဃဃ) ဦးနိုင်ဝင်း — အဖွဲ့ဝင်
မန်နေဂျာ (စီမံ)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၄) **ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**

(ကက) ဦးမင်းကိုကို — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ခခ) ဦးကျော်ခိုင်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဂဂ) ဒေါ်ငယ်ငယ်ထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဃဃ) ဦးနိုင်ဝင်း — အဖွဲ့ဝင်
မန်နေဂျာ (စီမံ)
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၅) **သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

(ကက) ဒေါ်အေးအေးမြင့် — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူး
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ခခ) ဦးထွန်းထွန်းနိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဂဂ) ဦးကျော်ခိုင်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဃဃ) ဦးကျော်ဇေယျ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

၅။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီများ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်–

(က) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊
(ခ) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊
(ဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊
(ဃ) တင်ဒါကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊
(င) တင်ဒါခေါ်ယူသည့်ဌာနအလိုက် လုပ်ငန်းသဘာဝအရ လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ခြင်း။

၆။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/လုပ်ငန်းများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(က) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများ**

(၁) **ဝန်ကြီးရုံး**

(ကက) ဦးစိုးမိုး — အဖွဲ့ခေါင်းဆောင်
လက်ထောက်အတွင်းဝန် (မူဝါဒ)
ဝန်ကြီးရုံး

(ခခ) ဦးကျော်မင်းအေး — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဂဂ) ဦးကျော်ဝင်းလွင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဃဃ) ဦးကျော်သက် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ငင) ဦးဇာနည်စံ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(၂) **မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**

(ကက) ဦးစောမြင့်ဇော် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး (စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ခခ) ဦးဇေယျာမင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ဂဂ) ဦးကျော်မင်းအေး — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဃဃ) ဦးကျော်ကျော်ထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(ငင) ဒေါ်အေးသင်းရီ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(စစ) ဦးမြမော် — အဖွဲ့ဝင်
ဦးစီးအရာရှိ (စီမံ)
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၃) **ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

(ကက) ဦးအောင်မျိုးသန့် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး (သတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ခခ) ဦးကျော်မင်းအေး — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဂဂ) ဦးကျော်ခိုင်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (စီမံ)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဃဃ) ဦးဆန်းမြင့် — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

**(၄) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**

(ကက) ဦးမင်းကိုကို — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ခခ) ဦးကျော်မင်းအေး — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဂဂ) ဒေါ်အိအိစိုး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ဃဃ) ဦးထွန်းထွန်းနိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(ငင) ဦးခင်ဇော် — အဖွဲ့ဝင်
စက်ရုံမှူး၊ အောင်ဆန်းပုံနှိပ်စက်ရုံ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

(စစ) ဦးကျော်ငြိမ်း — အဖွဲ့ဝင်
ဦးစီးအရာရှိ
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

**(၅) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

(ကက) ဦးမြင့်ဝေ — အဖွဲ့ခေါင်းဆောင်
အထွေထွေမန်နေဂျာ
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(ခခ) ဦးကျော်မင်းအေး — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဂဂ) | ဦးလှရွှေ<br>စာတည်းမှူးချုပ်<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဃဃ) | ဦးလှခိုင်<br>စာတည်းမှူး<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ငင) | ဒေါ်ဖြူဖွေးသန့်စင်<br>မန်နေဂျာ<br>သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း | အဖွဲ့ဝင် |

၇။ အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီများ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင်သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်သည့်ဌာန၊ အဖွဲ့အစည်းကိုယ်စားပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း၊

(င) တင်ဒါခေါ်ယူသည့်ဌာနအလိုက် လုပ်ငန်းသဘာဝအရ လိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ခြင်း။

၈။ တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁) ဖြင့် ဖွဲ့စည်းခဲ့သည့် တည်ဆောက်ရေးဆိုင်ရာ တင်ဒါကော်မတီများဖြင့် ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ယခုဖွဲ့စည်းလိုက်သော တင်ဒါကော်မတီများဖြင့်သာ ဆက်လက် ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

**(ဝန်ကြီးရုံး)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

အမှတ် ၁၆၇။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၂၁) ၏ သဘောတူညီချက်အရ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (စာရင်း) လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်ယဉ်ယဉ်ရွှေ (ကပ-၄၁၇၅) အား (၁၅-၈-၂၀၂၁) ရက်နေ့မှ (၁၄-၁၂-၂၀၂၁) ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၁၆၈။ အဆိုပါ ငြင်းပယ်သည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၁၅-၁၂-၂၀၂၁) ရက်နေ့မှ (၁၄-၄-၂၀၂၂) ရက်နေ့အထိ ခံစားခွင့်ပြုပြီး နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ (၁၅-၄-၂၀၂၂) ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

အမှတ် ၁၇၁။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၁) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်ဖော်ပြပါဝန်ထမ်းများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း (ကျပ်)၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ လစာနှုန်း (ကျပ်)၊ ဌာနခွဲ |
|---|---|---|---|
| (၁) | ဦးတင်အောင်ထွန်း | ရုပ်သံကျွမ်းကျင်-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၂) | ဦးမျိုးမင်း | ရုပ်သံကျွမ်းကျင်-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) MI ဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၃) | ဒေါ်စန္ဒာထွန်း (၁) | ရုပ်သံကျွမ်းကျင်-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ရုပ်မြင်ဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) ရုပ်မြင်ဌာနခွဲ |
| (၄) | ဒေါ်ညွန့်ညွန့်လွင် | အငယ်တန်းအင်ဂျင်နီယာ-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) စက်မှုဌာနခွဲ |
| (၅) | ဦးမျိုးချစ်ထွန်း | အငယ်တန်းအင်ဂျင်နီယာ-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) စက်မှုဌာနခွဲ |
| (၆) | ဦးတင်နေလင်း | အငယ်တန်းအင်ဂျင်နီယာ-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) စက်မှုဌာနခွဲ |
| (၇) | ဦးကျော်လွင်စိုး | အငယ်တန်းအင်ဂျင်နီယာ-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) စက်မှုဌာနခွဲ |
| (၈) | ဒေါ်သန္တာရဲရဲနီ | အငယ်တန်းအင်ဂျင်နီယာ-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) စက်မှုဌာနခွဲ |
| (၉) | ဦးချမ်းငြိမ်းစိုး | အငယ်တန်းအင်ဂျင်နီယာ-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) စက်မှုဌာနခွဲ |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း (ကျပ်)၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားမည့်ရာထူး၊ လစာနှုန်း (ကျပ်)၊ ဌာနခွဲ |
|---|---|---|---|
| (၁၀) | ဒေါ်အေးမြရည် | အငယ်တန်းအင်ဂျင်နီယာ-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) စက်မှုဌာနခွဲ |
| (၁၁) | ဒေါ်မြင့်မြင့်စမ်း | အငယ်တန်းအင်ဂျင်နီယာ-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) စက်မှုဌာနခွဲ |
| (၁၂) | ဦးဝင်းဗိုလ် | အငယ်တန်းအင်ဂျင်နီယာ-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) စက်မှုဌာနခွဲ |
| (၁၃) | ဦးကျော်ဇေယျ (၂) | အငယ်တန်းအင်ဂျင်နီယာ-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စက်မှုဌာနခွဲ | လက်ထောက်အင်ဂျင်နီယာ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) စက်မှုဌာနခွဲ |
| (၁၄) | ဒေါ်နန်းစန္ဒီတင်ကြွယ် | အနုပညာရှင်-၁ (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တေးဂီတဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅၀၀၀) တေးဂီတဌာနခွဲ |

အမှတ် ၁၇၂။ ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရ လည်းကောင်း၊ ၁၉၉၈ ခုနှစ် ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရ လည်းကောင်း၊ ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော အောက်ဖော်ပြပါ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီများကို ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

**မကွေးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ရဲမှူးကြီးလှိုင်တင့် — ဥက္ကဋ္ဌ
အဖွဲ့ဝင် (၅)
တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ခ) ဦးကြည်မြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဂ) ဦးတင်မောင်ဆွေ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(ဃ) ဦးထင်အောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(င) ဦးဟန်လတ်ဘိုဘို — အဖွဲ့ဝင်
ဥက္ကဋ္ဌ
တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(စ) ဦးညွန့်နိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဆ) ဦးလှကျော်ဦး — အတွင်းရေးမှူး
ဌာနခွဲမှူး (တာဝန်ခံ)
တိုင်းဒေသကြီး မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

**ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးဌေးအောင် — ဥက္ကဋ္ဌ
အဖွဲ့ဝင် (၇)
တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ

(ခ) ရဲမှူးကြီးမျိုးကြည် — အဖွဲ့ဝင်
ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးလွင်ကိုဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ဃ) ဦးထင်အောင်ကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(င) ဦးစိုးဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့

(စ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ
(မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှခန့်အပ်သောကိုယ်စားလှယ်တစ်ဦး)

(ဆ) ဦးရန်နိုင် — အတွင်းရေးမှူး
ဦးစီးအရာရှိ
တိုင်းဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

ချစ်နိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၄ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ဦးမြင့်စိုးအောင် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၈၁ တို့အရ သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

ညွှန်ကြားရေးမှူး ဦးမြင့်စိုးအောင် အား ခံစားခွင့်ရက်များကုန်ဆုံးပြီးနောက် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၃၃ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၃ ရက်)

**သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရုံးချုပ်) မှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်) ဒေါက်တာဇော်လွင်ထွန်း အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၀) ပြည့်သည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉၆/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ (၂၀-၅-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ ၃/၆-၃(၁၁)/(၆၆၇) မူဝါဒဖြင့် ညှိနှိုင်းချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ (၃၁-၁-၂၀၁၉) ရက်စွဲပါ စာအမှတ်၊

၁၂၀/၆၆၉–မြေတိုင်း/အဖရ (၂၀၁၉) ပါ အတည်ပြုချက်နှင့် ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေအခန်း (၄)၊ ပုဒ်မ (၇) ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါပြဋ္ဌာန်းချက်** တို့အရ စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မြို့နယ်နှင့်လေရှီးမြို့နယ်တို့အား မြို့မြေတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ **မြို့နယ်ဦးစီးမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

တင်ထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ

### အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၁)

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
(၂၀၂၁ ခုနှစ်၊ မေလ ၁၉ ရက်)

### တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၃–က၊ ပုဒ်မ ၁၇ တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၁ ဖြင့်ဖွဲ့စည်းပေးခဲ့သော **တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

**တနင်္သာရီတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဥက္ကဋ္ဌ<br>တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၁) ဦး | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း) တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီးမန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |

(၉) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
သစ်တောဦးစီးဌာန

(၁၀) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန

(၁၁) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(၁၂) တိုင်းဒေသကြီးရုံးခွဲတာဝန်ခံ — အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန

(၁၃) ဦးစံငွေ — အဖွဲ့ဝင်
ဒေသခံကရင်လူမျိုးစုကိုယ်စားလှယ်

(၁၄) ဦးကျော်ဝင်း — အဖွဲ့ဝင်
တောင်သူလယ်သမားကိုယ်စားလှယ်

(၁၅) ဦးသိန်းဇော် — အဖွဲ့ဝင်
အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းကိုယ်စားလှယ်

(၁၆) ဦးခင်မောင်ကြည် — အဖွဲ့ဝင်
သင့်လျော်သည့်ပညာရှင်

(၁၇) ဦးသက်တင် — အဖွဲ့ဝင်
သင့်လျော်သည့်ပညာရှင်

(၁၈) တိုင်းဒေသကြီးဦးစီးဌာနမှူး — အတွင်းရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

၂။ တိုင်းဒေသကြီးမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်းရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီထံ သဘောထားမှတ်ချက် ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသောကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီစိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀ အထက် လျှောက်ထားသည့်ကိစ္စရပ်နှင့် မွေးမြူရေး လုပ်ငန်းတွင် ဧက ၅၀ အထက် လျှောက်ထားသည့် ကိစ္စရပ်များအတွက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက် တင်ပြခြင်း၊

( င ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်အရ ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်း၊

( စ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း၊ ကုန်လွန်သွားသည့်အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်အသုံးပြုရမည့် ကာလတိုးမြှင့်ပေးစေလိုကြောင်း ဖော်ထုတ်ခွင့်ပြုကာလ မကုန်ဆုံးမီတင်ပြလာပါက ကွင်းဆင်းစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဆ) ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့် ကာလထက်ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်းမရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့် ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

( ဇ ) လုပ်ပိုင်ခွင့်၊အသုံးပြုခွင့်ပြုထားသည့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ်ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှု အခြေအနေကို ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်းစစ်ဆေးတင်ပြခြင်း၊

( ဈ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ အာမခံကြေးပေးသွင်းခြင်းနှင့် အာမခံကြေး ပြန်လည်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန်စည်းကြပ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

( ဋ ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

( ဌ ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၈ /၂၀၂၁)

## ရခိုင်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၃-က၊ ပုဒ်မ ၁၇ တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၁ ဖြင့် ဖွဲ့စည်းပေးခဲ့သော **ရခိုင်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

**ရခိုင်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | ဥက္ကဋ္ဌ<br>ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | ဥက္ကဋ္ဌ |
| (၂) | ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် (၁) ဦး | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၃) | ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း)<br>ပြည်နယ်စစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၄) | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်နယ်ဦးစီးဌာနမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်နယ်မန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၇) | ပြည်နယ်ဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်နယ်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်နယ်ဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | ပြည်နယ်ဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်နယ်ရုံးခွဲတာဝန်ခံ<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဦးမောင်သိန်းဖြူ<br>ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၄) | ဦးထွန်းစောအေး<br>တောင်သူလယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၅) | ဦးကိုလေး<br>အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၆) | ဦးကောင်းစံရွှေ<br>သင့်လျော်သည့် ပညာရှင် | အဖွဲ့ဝင် |
| (၁၇) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

၂။ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုစိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုမွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့် အညီ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီထံ သဘောထားမှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသော ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကိုဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၃၀၀ အထက်လျှောက်ထားသည့်ကိစ္စရပ်နှင့် မွေးမြူရေးလုပ်ငန်းတွင် ဧက ၅၀ အထက်လျှောက်ထားသည့် ကိစ္စရပ်များအတွက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်အရ ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်း၊

(စ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း၊ ကုန်လွန်သွားသည့်အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်အသုံးပြုရမည့် ကာလတိုးမြှင့်ပေးစေလိုကြောင်း ဖော်ထုတ်ခွင့်ပြုကာလမကုန်ဆုံးမီ တင်ပြလာပါက ကွင်းဆင်းစစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဆ) ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့်ကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်း မရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့် ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

(ဇ) လုပ်ပိုင်ခွင့် အသုံးပြုခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှုအခြေအနေကို ဗဟိုကော်မတီက တာဝန်ပေးအပ်လာပါက ကွင်းဆင်းစစ်ဆေးတင်ပြခြင်း၊

(ဈ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ အာမခံကြေးပေးသွင်းခြင်းနှင့် အာမခံကြေးပြန်လည်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ည) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန်စည်းကြပ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဋ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဌ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

တင်ထွဋ်ဦး

ဥက္ကဋ္ဌ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၁/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၁) ၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စီမံကိန်းနှင့် အုပ်ချုပ်ရေးဌာန၊ စစ်ဆေးရေးဌာန၊ အထက်/အောက်မြန်မာပြည်အုပ်ချုပ်ရေးဌာနများရှိ လစာနှုန်း (၃၃၄,၀၀၀-၂,၀၀၀-၃၄၄,၀၀၀)၊ ရုံးအုပ် ဒေါ်သင်းသင်းအေး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်မန်နေဂျာရာထူးနေရာသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၂/၂၀၂၁)**

၂၀၂၁ ခုနှစ်၊မေလ ၁၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သောပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၁) ၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါ လစာနှုန်း (၃၃၄,၀၀၀-၂,၀၀၀-၃၄၄,၀၀၀)၊ ရုံးအုပ် (၂) ဦး အား ပို့ဆောင်ရေးဌာနခွဲနှင့် စီးပွားရေးဌာနခွဲရှိလစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ လက်ထောက်မန်နေဂျာရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဒေါ်ဝင်းဝင်းမာ |
| (ခ) | ဒေါ်စန်းစန်းကျော် |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၃/၂၀၂၁)**

၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၁)၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဒုတိယဦးစီးမှူး (၃) ဦးနှင့် စစ်ဆေးရေးမှူး-၂ (၂) ဦး စုစုပေါင်း (၅) ဦးတို့ကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဒေါ်နွယ်တာ |
| (ခ) | ဦးကျော်ကျော်ထွန်း-၂ |

| စဉ် | အမည် |
|---|---|
| (ဂ) | ဦးမျိုးသက် |
| (ဃ) | ဦးအောင်သွင်-၂ |
| (င) | ဒေါ်ဇင်မာစိုး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၄/၂၀၂၁)

၂၀၂၁ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၁)၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ကြီးကြပ်ရေးမှူး (၂) ဦးနှင့် ရုံးအုပ် (၂) ဦး စုစုပေါင်း (၄) ဦးတို့ကို ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လက်ထောက်မန်နေဂျာရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဒေါ်ခင်မြသီ |
| (ခ) | ဦးဇော်မိုး |
| (ဂ) | ဒေါ်ပိုးလှစိန် |
| (ဃ) | ဦးအောင်မျိုးသက် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၄၅/၂၀၂၁)

၂၀၂၁ ခုနှစ်၊မေလ၁၄ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သောပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၅/၂၀၂၁)၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်၊ သင်ကြားရေးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ရုံးအုပ် (၂) ဦးအား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လက်ထောက် မော်ကွန်းထိန်းရာထူးနေရာများသို့ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| (က) | ဒေါ်အေးမြတ်မိုး |
| (ခ) | ဒေါ်နီနီခိုင် |

ဗိုလ်ချုပ်ကြီးတင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၉ ရက်)

**နိုင်ငံခြားသင်္ဘော MT. Viet Tin Lucky နှင့် စပ်လျဉ်း၍ Receivers of Wreck ကို ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခြင်း**

၁။ ရန်ကုန်မြစ်အတွင်း OEA Anchorage တွင် ကျောက်ချထားသော Viet Trust Corporation ပိုင် Vietnam နိုင်ငံအလံ လွှင့်ထူထားသော MT. Viet Tin Lucky နှင့် စပ်လျဉ်း၍ သင်္ဘောပိုင်ရှင်နှင့် သင်္ဘော၏ အာမခံကုမ္ပဏီမှ တာဝန်ယူမှု မရှိတော့ခြင်း၊ သင်္ဘော၏ ရေယာဉ်မှူးနှင့် သင်္ဘောသားများက ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် သင်္ဘောကို စွန့်ခွာခဲ့ခြင်းတို့ကြောင့် အဆိုပါသင်္ဘောကို ထိန်းသိမ်းစီမံခန့်ခွဲခြင်း ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် Myanmar Merchant Shipping Act ပုဒ်မ ၂၇၃ နှင့်အညီ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော Receivers of Wreck ကို ပြင်ဆင် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

(က) ဒေါက်တာကိုကိုနိုင် — ဥက္ကဋ္ဌ
ခေတ္တညွှန်ကြားရေးမှူးချုပ်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ခ) ဒေါ်စိုးစိုးသွင် — အဖွဲ့ဝင်
ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ
ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး

(ဂ) ဦးစံသိန်း — အဖွဲ့ဝင်
ဒုတိယအင်ဂျင်နီယာချုပ် (မြို့ပြ)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(ဃ) ဦးလှမျိုးကျော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(င) ဒေါ်ခင်မာထွေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(စ) ဦးအောင်မြင့်မိုး — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

၂။ အဆိုပါ Receivers of Wreck သည် Myanmar Merchant Shipping Act ပုဒ်မ ၂၇၃ (၂) အရ သင်္ဘောပိုင်ရှင်သို့ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ဖယ်ရှားခြင်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၃။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက် နေ့စွဲပါစာအမှတ်၊ ပဆ–(၃)/ (VTL–DMA) ၂၀၂၀ (၈၂) ကို ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
ဝင်းခန့် – အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၅၁/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၇ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ SIMCO Song Da Joint Stock Company တို့သည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ နေပူတောင်ဒေသတွင် မာဘယ် (အလှဆင်) ကျောက် အကြီးစားထုတ်လုပ်မှု လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကုမ္ပဏီမှ ကိုယ်စားလှယ် (၄) ဦးနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၄) ဦးတို့ ပါဝင်သည့် ပူးတွဲစီမံခန့်ခွဲရေး ကော်မတီ (Joint Management Committee–JMC) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်–

| စဉ် | အမည် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာသိန်းစိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်ဇင်ဦး | အထွေထွေမန်နေဂျာ<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဂ) | ဦးစိုးနိုင် | လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး၊ သယံဇာတနှင့် သဘာဝ<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | Mr. Nguyen Van Thanh | Chairman<br>Viet Trang J.S Co. | အဖွဲ့ဝင် |
| (င) | Mr. Nguyen Si Hien | Chairman<br>Simco Song Da J.S Co. | အဖွဲ့ဝင် |
| (စ) | Mr. Nguyen Cong Kien | Chairman<br>Hoang Lien Son J.S Co. | အဖွဲ့ဝင် |
| (ဆ) | Mr. Duong Van Toan | Director<br>Simco Song Da J.S Co. | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာနေဇာလင်း | ဒုတိယအထွေထွေမန်နေဂျာ<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အတွင်းရေးမှူး |

၂။ ကော်မတီသည် ၂၀၁၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် စာချုပ်ချုပ်ပြီးဖြစ်သည့် အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် SIMCO Song Da Joint Stock Company တို့၏ စာချုပ်ပါအတိုင်း ထုတ်လုပ်မှု အပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် မာဘယ် (အလှဆင်) ကျောက် ထုတ်လုပ်မှုလုပ်ငန်း အကောင်အထည်ဖော်

ဆောင်ရွက်မှုကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များကို လုပ်ဆောင်နိုင်ရေးအတွက် အောက်ပါအတိုင်း စီမံခန့်ခွဲကြီးကြပ် ဆောင်ရွက်သွားရန်ဖြစ်ပါသည်–

(က) ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) ပူးတွဲစီမံခန့်ခွဲရေးကော်မတီအနေဖြင့် ဝန်ကြီးဌာနက ချမှတ်ပေးသည့် မူဝါဒလမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရေး ကြီးကြပ်ကွပ်ကဲရန်၊

(၂) လုပ်ငန်းအစီအစဉ်များ၊ ငွေရေးကြေးရေး၊ အုပ်ချုပ်ရေးနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကုမ္ပဏီနှင့် အမှတ် (၁) သတ္တုတွင်းလုပ်ငန်းတို့အကြား ထိရောက်စွာ ညှိနှိုင်းပေါင်းစပ်ပေးရန်၊

(၃) နှစ်ဖက်သဘောတူ ချုပ်ဆိုထားသော စာချုပ်ပါတာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ တိကျစွာ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲရန်၊

(၄) စီမံခန့်ခွဲရေးကော်မတီ၏ လက်အောက်ခံ ဆပ်ကော်မတီများဖြစ်သော နည်းပညာဆပ်ကော်မတီ၊ ဝယ်ယူရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့က ပုံမှန်တင်ပြလာသော အစီရင်ခံစာများကို စိစစ်သုံးသပ်၍ ကော်မတီတွင် အတည်ပြုချက်ရယူပြီး ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၅) ကော်မတီ အစည်းအဝေးကို (၃) လတစ်ကြိမ် ကျင်းပရန်နှင့် လိုအပ်ပါက အချိန်မရွေး အစည်းအဝေးခေါ်ယူကျင်းပရေး စီစဉ်ဆောင်ရွက်ရန်၊

(၆) စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်ဝတ္တရားအားလုံးကို တာဝန်ခံ၍ ပေါင်းစပ်ညှိနှိုင်းကွပ်ကဲပေးရန်။

(ခ) စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) စာချုပ်အရ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူဝါဒ၊ ညွှန်ကြားချက်များ၊ ဆုံးဖြတ်ချက်များ ဘောင်အတွင်းမှ ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) စာချုပ်အရ လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာမှ ရရှိလာသည့် အချက်အလက်များ၊ ရလဒ်များ၊ စီမံချက်များနှင့်ပတ်သက်သည့် အကြံဉာဏ်များ၊ ထင်မြင်ချက်များ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရရှိလာသည့် အချက်အလက်များကို နှီးနှောဆွေးနွေးခြင်း၊ အကြံဉာဏ်ဖလှယ်ခြင်း စသည်ဖြင့် အားပေးကူညီဆောင်ရွက်ရန်၊

(၃) စာချုပ်ချုပ်ဆိုသည့် အမှတ် (၁) သတ္တုတွင်းလုပ်ငန်းနှင့် ကန်ထရိုက်တာ၊ နိုင်ငံခြားကုမ္ပဏီတို့မှ တင်ပြသည့် လုပ်ငန်းအစီအစဉ်များကို စိစစ်၍ အတည်ပြုပေးရန် လိုအပ်ပါက ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြရန်နှင့် အောက်ခြေအဖွဲ့အစည်းများသို့ လိုအပ်သလို ညှိနှိုင်းပေးရန်၊

(၄) နှစ်ဦးနှစ်ဖက်၏ အကျိုးစီးပွားနှင့် အကျုံးဝင်ပတ်သက်သော ကျွမ်းကျင်မှု၊ ငွေရေးကြေးရေး၊ စာရင်းအင်း၊ စီမံခန့်ခွဲရေးနှင့် မူဝါဒကိစ္စရပ်များအားလုံးကို ထိရောက်စွာ အကျိုးပြုစေရေးအတွက် ညှိနှိုင်းစီမံဆောင်ရွက်ရန်၊

(၅) မာဘယ် (အလုဆင်) ကျောက် ထုတ်လုပ်ရာ၌ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေး စံချိန်မီရေး လုပ်ငန်းအစီအစဉ်တို့ကို စိစစ်အတည်ပြု ဆောင်ရွက်ရန်၊

